■ လမ်းကြောင်းထွင်အာဘော်များကို ဆန်းစစ်သုံးသပ်ခြင်း **အမှတ်(၁)**
၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်

# မြန်မာ့အရေး ကျရှုံးနိုင်ငံဖြစ်တော့မလား ဆွေးနွေးချက်များအား ဆန်းစစ်ခြင်း



အောင်သူငြိမ်း၊ ဇေရှိုင်းဗိုလ်နှင့်
လင်းထက်အောင်တို့ ရေးသားသည်။

## နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းအပြီးဖြစ်လာတဲ့ အခြေအနေတွေအပေါ် နိုင်ငံတကာက စိုးရိမ်ပူပန်နေပါတယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေဟာ ကျရှုံးနိုင်ငံတခု (failed state) အဖြစ် ဦးတည်သွားနိုင်တယ်လို့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ လေ့လာသူတွေက ဆိုနေကြပါတယ်။ အထူးသဖြင့် အာဏာသိမ်းစစ်ကောင်စီရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ချေမှုန်းမှုကြောင့် သေဆုံးရမှုတွေ အမြောက်အမြားရှိနေသလို၊ လက်တုံ့ပြန် ခုခံတိုက်ခိုက်မှုတွေကြောင့်လည်း စစ်ပွဲတွေ ကျယ်ပြန့်လာဖို့ ရှိနေပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံဟာ ကမ္ဘာ့ဒုက္ခသည်တင်ပို့မှု ပဉ္စမမြောက် အများဆုံးနိုင်ငံဖြစ်ပါတယ်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ဒုက္ခသည်အရေအတွက် တသန်းကျော်တဲ့နိုင်ငံတွေကို မှတ်တမ်းပြုထားရာမှာ မြန်မာနိုင်ငံက ဒုက္ခသည် (Persons of concern) အရေအတွက်ဟာ ၁ ဒသမ ၉ သန်း ရှိနေပါတယ် (Nikkei Staff Writers, 2021)။

မြန်မာနိုင်ငံဟာ ကျရှုံးနိုင်ငံဖြစ်မယ့်အရေးနဲ့ ရင်ဆိုင်နေရတယ်လို့ ၂၀၂၁ ခုနှစ် ဧပြီ ၉ ရက်မှာ ပြုလုပ်ခဲ့တဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေးမှာ International Crisis Group (ICG) ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အကြီးတန်းအကြံပေး ရစ်ချတ်ဟိုဆေး (Richard Horsey) က သတိပေးခဲ့ပါတယ် (Horsey, 2021)။ သြဇာကြီးတဲ့ The Economist မဂ္ဂဇင်းကလည်း 'မြန်မာနိုင်ငံဟာ အာဖဂန်နစ္စတန်ပြီးရင် အာရှရဲ့ နောက်ထပ်ကျရှုံးနိုင်ငံ ဖြစ်နိုင်တယ်'လို့ ဖော်ပြခဲ့ပါတယ်။ အမေရိကန်အခြေစိုက် အကြံပေးအဖွဲ့တခုဖြစ်တဲ့ CSIS ရဲ့ သုံးသပ်ချက်ဆောင်းပါးမှာလည်း 'မြန်မာနိုင်ငံ ပြိုလဲသွားနိုင်သလား၊ တော်လှန်ရေးဖြစ်မှာလား' (Is Myanmar Headed for Collapse or Revolution?)လို့ ဆိုခဲ့သလို၊ နှစ် ၇၀ ကျော် ကြာမြင့် ခဲ့တဲ့ မြန်မာ့ပြည်တွင်းစစ်ဟာ တိုက်ပွဲတွေ ပိုမိုကျယ်ပြန့်များပြားလာနေပြီး အကြမ်းဖက်ဖြစ်ရပ်တွေနဲ့ လူသားချင်းစာနာမှုဆိုင်ရာ ဒုက္ခသည်အရေးတွေကို ရှောင်ဖို့ခက်ခဲမယ်လို့ ဆိုထားပါတယ်။

ယခု ဆန်းစစ်ချက်ကို အသံဖြင့်လည်း နားဆင်နိုင်ပါသည်။

ISP-MYANMAR
REVIEW ESSAY SECTION
ON TREND-SETTING ANALYSES
EPISODE 1

ဒ့ါအပြင် ဖြစ်နေတာတွေ ဘယ်လိုနိဂုံးချုပ်မှာလဲ။ စစ်အုပ်ချုပ်ရေး အဆုံးသတ်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေး ပြန်လည်ရရှိမလား ဒါမှမဟုတ် နိုင်ငံတော်ပြိုလဲမှု ကြုံရနိုင်သလား မသိနိုင်သေးပါလို့ ဆိုပါတယ် (Poling & Hudes, 2021)။

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) က ၂၀၂၁ ခုနှစ် ဧပြီလကုန်မှာ ထုတ်ဝေခဲ့တဲ့ အစီအရင်ခံစာမှာလည်း မြန်မာနိုင်ငံဟာ အခုအချိန်မှာ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးနဲ့ အာဏာသိမ်းမှုဖြစ်စဉ် စတဲ့ အကျပ်အတည်းနှစ်ခု ရင်ဆိုင်နေရတာကို ဖော်ပြပါတယ်။ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးကြောင့် ဝင်ငွေနည်းပါးတဲ့ မိသားစုဝင်တွေရဲ့ အခြေအနေဟာ ၂၀၂၀ ပြည့်နှစ်မှာတင် ဆိုးရွားလျက်ရှိနေပြီး နိုင်ငံရေးအကျပ်အတည်း အဆိုးဆုံးအခြေအနေမှာ နိုင်ငံ့လူဦးရေရဲ့ထက်ဝက်နီးပါး (၄၈ ဒသမ ၂ ရာခိုင်နှုန်း) ဟာ ဆင်းရဲမှုမျဉ်းအောက် ကျရောက်ဖွယ်ရှိတယ်လို့ ဖော်ပြထားပါတယ် (UNDP, 2021)။




အာဏာသိမ်းပြီးနောက်ပိုင်း တိုက်ပွဲဖြစ်ပွားမှုများ ပိုမိုကျယ်ပြန့်လာပြီး လေးလအတွင်း ၄၁၇ ကြိမ်ထက်မနည်း ရှိခဲ့သည်။ ထို့အတူ အရပ်သားသေဆုံးမှုလည်း ပိုမိုများပြားလာသည်။

## အရေးပါသည့်ဆွေးနွေးချက်များ၊ အထောက်အထားနှင့် အကြံပြုချက်များ

ဖော်ပြပါ ဆွေးနွေးချက်တွေရဲ့ မြန်မာနိုင်ငံ ကျရှုံးနိုင်ငံဖြစ်လာနိုင်တဲ့အကြောင်း ဆွေးနွေးရာမှာ အချက်ငါးချက်ကို အဓိကထားထောက်ပြခဲ့တာ တွေ့ရပါတယ်။

ပထမအချက်က ပဋိပက္ခ၊ တင်းမာမှုမြင့်မားလာနေတဲ့ အခြေအနေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ် ၇၀ ကျော် ပြည်တွင်းစစ်ဖြစ်နေခဲ့ပေမဲ့ တနိုင်ငံလုံးအတိုင်းအတာ အပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (NCA) ကိုဖော်ဆောင်နိုင်ခဲ့တာလည်း ရှိပါတယ်။ အခုအခြေအနေမှာတော့ စစ်ပွဲပဋိပက္ခတွေ ပိုပြီးခေါင်းထောင်လာမယ့် အလားအလာရှိပါတယ်။ ရွေးကောက်ခံအမတ်တချို့က အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဖွဲ့စည်းခဲ့ပြီး၊ လူငယ် အများအပြားကလည်း လက်နက်ကိုင်ပုန်ကန်ဖို့ ရည်ရွယ်ချက်နဲ့ တိုင်းရင်းသား လက်နက်ကိုင်နယ်မြေတွေဆီသွားပြီး တောခိုခဲ့ပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေရဲ့ အကြမ်းဖက်နှိမ်နင်းမှုကြောင့် ဒေသခံတွေဘက်က ပြန်လည် ခုခံကာကွယ်တိုက်ခိုက်မှုတွေ ဖြစ်ပွားလျက်ရှိပါတယ်။ အရင်ကာလက တိုက်ပွဲမရှိခဲ့တဲ့ အညာဒေသ၊ ချင်းပြည်နယ်နဲ့ ကယားပြည်နယ်တွေမှာ ရရာလက်နက် စွဲကိုင်တိုက်ပွဲဝင်တာတွေ၊ မြို့ပြတွေမှာ ဗုံးပေါက်ကွဲမှု၊ လုပ်ကြံသတ်ဖြတ်မှုတွေ မြင့်မားလာနေပါတယ်။ International Commission of Jurists (ICJ) မှာ တာဝန်ထမ်းဆောင်နေတဲ့ ဇာရီဖီ (Zarifi) က Nikkei Asia သတင်းဌာနကို နှိုင်းယှဉ် ပြောကြားရာမှာလည်း 'တပ်မတော်ရဲ့ သတ်ဖြတ်နှုန်းက အလွန်တရာ မြင့်မားပါတယ်။ ဆီးရီးယားက လူထုအုံကြွမှုမှာ ကနဦးချေမှုန်းမှုတွေကြောင့် သေကြေခဲ့ရတဲ့ အရေအတွက် ၅၀၀ ထက်ကို ကျော်လွန်သွားပါပြီ' လို့ ဆိုထားပါတယ်။

ဒုတိယအချက်က စီးပွားရေးအခြေခံ ပြိုဆင်းလာနေခြင်းပါ။ The Economist ဆောင်းပါးမှာတော့ အထွေထွေသပိတ်ကြောင့် စီးပွားရေးလုပ်ငန်းတွေ သွက်ချာပါဒ

ဖြစ်သွားခဲ့ပါတယ်။ အစိုးရဝန်ဆောင်မှုကဏ္ဍဟာလည်း များသောအားဖြင့် ရပ်ဆိုင်းနေပါတယ်။ ဘဏ်စနစ်ပြိုလဲမယ့် ခြိမ်းခြောက်မှုကိုလည်း ရင်ဆိုင်နေရပါတယ်။ ဘဏ်လုပ်ငန်းတွေကို စစ်ကောင်စီက ဖိအားပေးခဲ့တာကြောင့် မေလဆန်းမှာ ပြန်ဖွင့်ခဲ့ပေမဲ့ အပ်နှံငွေတွေကို ပြန်ထုတ်တာ များလာတဲ့အတွက် ငွေထုတ်ယူမှုပမာဏ ကန့်သတ်ခဲ့ရပါတယ်။ အခုဆိုရင် ငွေကြေးကျပ်တည်းမှုကို သိသိသာသာ ကြုံတွေ့နေရပါတယ်။ အွန်လိုင်းငွေပေးချေမှုစနစ်လည်း ရပ်တန့်လုနီးပါး ဖြစ်နေပါတယ်။ ပုဂ္ဂလိကဘဏ်တွေရဲ့ ရှေ့ရေးက စိုးရိမ်ဖွယ်ရာဖြစ်ပါတယ်။

ဒါ့အပြင် ကုန်သွယ်ရေးဘက်မှာလည်း ပို့ကုန်-သွင်းကုန်ပမာဏ ကျဆင်းလာပါတယ်။ စိုက်ပျိုးရေးပို့ကုန် အဓိကထား မှီခိုရပ်တည်နေတဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ တင်သွင်းနိုင်မှုလုပ်ငန်းစဉ်မှာ နှေးကွေးနေပါတယ်။ အလုပ်လက်မဲ့ပမာဏ များပြားလာတာ၊ ငွေကြေးဈေးကွက် မလည်ပတ်နိုင်တာ၊ အခြေခံလူတန်းစားတွေ ငွေသားလက်လှမ်းမီနိုင်မှု နည်းပါးလာတာ စတဲ့အချက်တွေကြောင့် အငတ်ဘေးဆိုက်နိုင်တဲ့ အခြေအနေ ဖြစ်ပါတယ်။ တချိန်တည်းမှာပဲ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံနေကြတဲ့ ဒေသတွင်းလုပ်ငန်းရှင်တွေလည်း အခက်တွေ့နေပြီး တချို့ဆိုရင် လုပ်ငန်းရပ်ဆိုင်းရမှုတွေ ရှိလာပါပြီ။ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းငယ်တွေလည်း နာလန်မထူတော့ပါဘူး။ ကမ္ဘာ့ဘဏ်က ခန့်မှန်းရာမှာ မြန်မာ့စီးပွားရေးဟာ အာဏာသိမ်းမှုမတိုင်မီ အခုနှစ်မှာ ခြောက်ရာခိုင်နှုန်းခန့် တိုးတက်မယ်လို့ဆိုခဲ့ပေမဲ့ အာဏာသိမ်းပြီးနောက်မှာတော့ စီးပွားရေးတိုးတက်မှုဟာ ၁၀ ရာခိုင်နှုန်း ကျုံ့သွားမယ်လို့ ထုတ်ပြန်ပါတယ်။ အခြား စီးပွားရေးအဖွဲ့အစည်းတွေကတော့ ၂၀ ရာခိုင်နှုန်းအထိ ကျုံ့နိုင်တယ်လို့ သတိပေးထားပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) က လာမယ့် သုံးလကနေ ခြောက်လအတွင်း မြန်မာနိုင်ငံမှာ လူဦးရေ ၃ ဒသမ ၄သန်းနဲ့ အထက် စားနပ်ရိက္ခာအခက်အခဲ ကြုံရနိုင်ကြောင်း ထုတ်ပြန်ထားပါသေးတယ်။

တတိယအချက်ကတော့ လူမှုရေးပြဿနာတွေက အကျပ်အတည်းတခုအဖြစ် ရောက်လာတာ ဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပြိုလဲသွားသလို ဖြစ်နေပါတယ်။ အစိုးရဆေးရုံ အတော်များများဟာ ကျန်းမာရေးဝန်ထမ်းတွေရဲ့ စစ်ကောင်စီနဲ့ မပူးပေါင်း သပိတ်မှောက်ရေးလှုပ်ရှားမှု (CDM) ကြောင့် ပိတ်ထားရပါတယ်။ ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါစစ်ဆေးခြင်းနဲ့ ကုသခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းတွေမှာလည်း နှောင့်နှေးနေပါတယ်။ အခုဆိုရင် ကိုဗစ်တတိယလှိုင်း ရိုက်ခတ်မှုဒဏ်ကို စတင်ခံစားလာရပြီး အာဏာသိမ်းစစ်ကောင်စီဘက်က ထိန်းချုပ်နိုင်မယ့် ပုံစံ မရှိပါဘူး။ မွေးကင်းစကလေးငယ် ကာကွယ်ဆေးထိုးနှံမှု ပုံမှန်အစီအစဉ်တွေ၊ ဆေးယဉ်ပါးတီဘီ တိုက်ဖျက်ရေး၊ ရာသီတုပ်ကွေးနဲ့ HIV/AIDS တိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေဟာလည်း ရပ်တန့်နေပါတယ်၊ ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုကဏ္ဍမှာ အကျပ်အတည်း တွေ့ကြုံနေရပါတယ်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ရဲ့

၈၈၃+

စစ်အာဏာသိမ်းပြီးနောက်ပိုင်း
ဇွန် ၂၈ ရက်အထိ
အာဏာသိမ်းစစ်ကောင်စီ၏
ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ်ရရှိသော
ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော
ပြည်သူအရေအတွက်
၈၈၃ ဦးထက်မနည်း ရှိခဲ့သည်။

အစီရင်ခံစာမှာတော့ လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ် အခြေအနေကို မီးမောင်းထိုးပြခဲ့ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးနဲ့ နိုင်ငံရေးအကျပ်အတည်း ကြောင့် အကျပ်အတည်းနှစ်ဆင့် ကြုံရနိုင်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေး ကာလအတွင်းမှာပဲ မြန်မာနိုင်ငံမှာ ဆင်းရဲနွမ်းပါးသူဦးရေ မြင့်တက်လာနေပါတယ်။ နိုင်ငံရေးအကျပ်အတည်း ထပ်ဆင့်ခဲ့တာကြောင့် အဆိုးဆုံးအခြေအနေမှာ နိုင်ငံ့ လူဦးရေရဲ့ ထက်ဝက်နီးပါး(၄၈ ဒသမ ၂ ရာခိုင်နှုန်း)ဟာ ဆင်းရဲမှုမျဉ်းအောက် ကျ ရောက်ဖွယ်ရာရှိတယ်လို့ ဖော်ပြထားပါတယ်။ အမျိုးသမီးတွေ၊ ကလေးငယ်တွေ၊ ဆင်းရဲသားလူထုတွေနဲ့ ဆင်းရဲနွမ်းပါးမှုမျဉ်းအနီးရှိနေတဲ့ လူတွေအဖို့ ပိုလို့ ထိခိုက် သက်ရောက် နစ်နာနိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒ့ါအပြင် ရိုဟင်ဂျာဒုက္ခသည် ရှစ်သိန်းကျော်နဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ ဒုက္ခသည်စခန်း ကိုးခုရှိပါတယ်။ အခုအခါ ပြည်တွင်းဒုက္ခသည် (IDPs) အရေအတွက်ကလည်း အလျင်အမြန် တိုးပွားနေပါ တယ်။

INFOGUIDES

## ■ နေရပ်စွန့်ခွာ စစ်ပြေးဒုက္ခသည်များ




လက်နက်ကိုင် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ပြေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဇွန် ၂၃ ရက်အထိ စုစုပေါင်း ၇၂၅,၅၀၀ ကျော် ရှိလာသည်။ အဆိုပါ ပမာဏအနက် ၂၂၈,၀၀၀ ကျော်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက်ဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၁၇ ရက်အထိ စစ်ဘေးရှောင်ဒုက္ခသည်အရေအတွက် ၇၇,၁၅၄ ကျော် **(အလေးထားရမည့်အကြောင်း အချက်များ အမှတ်-၂၇ကိုရှု)** ရှိခဲ့ရာမှ ယခု ၂၂၈,၀၀၀ ကျော်အထိ ရှိလာသဖြင့် တလအတွင်း ၁၅၀,၈၄၆ ကျော် တိုးလာခဲ့ခြင်းဖြစ်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

စတုတ္ထအချက်ကတော့ သဘာဝသယံဇာတကြွယ်ဝမှုကို ကောင်းမွန်စွာ အသုံးချစီမံခန့်ခွဲဖို့ပဲ ဖြစ်ပါတယ်။ လုံခြုံရေး၊ တရားဥပဒေမစိုးမိုးတဲ့နေရာမှာ လုယက်မှုတွေ၊ စည်းမျဉ်းမရှိထုတ်ယူမှုတွေ၊ ထိန်းမနိုင်သိမ်းမရ ဖြစ်ပေါ်နိုင်ပါတယ်။

နောက်ဆုံးအချက်က အစိုးရရဲ့အရေးပါတဲ့ ဝန်ဆောင်မှုတွေနဲ့ တရားဥပဒေစိုးမိုးရေး ကျဆင်းလာနေတဲ့ အခြေအနေ ဖြစ်ပါတယ်။ The Economist မဂ္ဂဇင်းက ဆွေးနွေးရာမှာ မြန်မာနိုင်ငံဟာ အာဖဂန်နစ္စတန်နိုင်ငံလို တရားဥပဒေမဲ့ အခြေအနေ မဟုတ်သေးပါဘူး၊ ဒါပေမဲ့ ဒီလမ်းကြောင်းကို ဦးတည်နေတယ်လို့ သုံးသပ်ပါတယ်။ ထူးခြားတာက မြန်မာနိုင်ငံက တိုင်းရင်းသားလက်နက်ကိုင်တွေ ထိန်းချုပ်ထားရာ ဒေသတွေဟာ ဟီးရိုးအင်းနဲ့ မက်သာအမ်ဖီတမင်း ထုတ်လုပ်တင်ပို့ရာ ဒေသတွေဖြစ်နေတယ်လို့ ထောက်ပြပါတယ်။ ဒီလို ဒုက္ခတွင်းထဲ မြန်မာနိုင်ငံ ဆင်းသက်သွားတာကို နိုင်ငံတကာကကြည့်နေရင် 'မူးယစ်ဆေးဝါး၊ ဒုက္ခသည်၊ မတည်ငြိမ်မှု'တွေက ဒေသတွင်း ခြိမ်းခြောက်မှုတွေ ဖြစ်လာနိုင်တယ်လို့ သုံးသပ်ကြပါတယ်။

ဆွေးနွေးသူတွေနဲ့ ဆောင်းပါးဖော်ပြချက်တွေမှာ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ လုပ်ကိုင်နိုင်မယ့် ရွေးချယ်စရာ နည်းလမ်းများအဖုံဖုံကို တင်ပြထားကြပါတယ်။ ပထမအချက်အနေနဲ့ ဆွေးနွေးကြတာက အကြမ်းဖက်လုပ်ရပ်တွေအားလုံး အမြန်ဆုံးရပ်တန့်စေရေးနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို အမြန်ပြန်ရောက်စေဖို့ လိုပါတယ်။ ဒီနေရာမှာ အာဏာသိမ်း စစ်ခေါင်းဆောင်တွေအပေါ် ပစ်မှတ်ထား စီးပွားရေးပိတ်ဆို့မှုတွေနဲ့အတူ သံတမန်ရေးအရ အထီးကျန်စေတဲ့နည်းနဲ့ ဖိအားပေးခြင်းကိုလည်း တိုက်တွန်းကြပါတယ်။ အောင်မြင်ဖြစ်မြောက်နိုင်ဖို့ အလွန်ခက်ခဲတယ်လို့လည်း အသိအမှတ်ပြုကြပါတယ်။ အရင် အတွေ့အကြုံသမိုင်းတွေရှိတယ်လို့ CSIS က ထောက်ပြပါတယ်။ Nikkei Asia ဆောင်းပါးမှာတော့ မြန်မာနိုင်ငံဟာ တရုတ်၊ ရုရှားနိုင်ငံတွေရဲ့ ထောက်ခံပံ့ပိုးမှုရနေတဲ့အတွက် မအောင်မြင်နိုင်ဘူးလို့ ထောက်ပြပါတယ်။

နည်းလမ်းတခုကတော့ အာဆီယံအသင်းကြီးလိုမျိုး စစ်ကောင်စီနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံတိုက်တွန်းရေး ဖြစ်ပါတယ်။ အာဆီယံဗဟိုချက်ဗွေဖြစ်မှု (ASEAN Centrality) သဘောမျိုးနဲ့ ကုလသမဂ္ဂအပါအဝင် အင်အားကြီး နိုင်ငံတွေကပါ အာဆီယံအနေနဲ့ ဗဟိုချက်မနေရာကနေ ကြားဝင်ဆောင်ရွက်မှု တိုက်တွန်းကြတာ ရှိပါတယ်။ ဒါပေမဲ့ အာဆီယံခေါင်းဆောင်တွေဟာ အတော်ကြီးနောက်ကျလွန်းတဲ့ ဧပြီ ၂၄ ရက်ကျမှ အရေးပေါ် ထိပ်သီးအစည်းအဝေး ခေါ်ယူနိုင်ပြီး မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ဘုံသဘောတူညီချက်ငါးချက်ရခဲ့ပါတယ်။ သို့တိုင်အောင် အခုအချိန်အထိ မြန်မာနိုင်ငံမှာ သေကြေဆုံးရှုံးရမှုတွေကို ထိထိရောက်ရောက် မတားဆီးနိုင်တဲ့အပြင်၊ ထင်သာမြင်သာ လုပ်ဆောင်ချက်တွေလည်း မရှိသေးပါဘူး။ တချို့အကြံပြုချက်တွေမှာတော့ စစ်ကောင်စီအနေနဲ့ ဖမ်းဆီးထိန်းသိမ်းထားသူတွေကို ပြန်လွှတ်ပေးဖို့၊

**၅,၁၀၄ ဦး**

**၁,၉၆၅ ဦး**

**၂၁၇ ဦး**

**၅၈ ဦး**

စစ်အာဏာသိမ်းပြီးနောက်ပိုင်း
ဇွန် ၂၄ ရက်အထိ
ဖမ်းဆီးချုပ်နှောင်ခံထားရသူ
၅,၁၀၄ ဦး၊ တိမ်းရှောင်နေရသူ
၁,၉၆၅ ဦး၊ ထောင်ဒဏ်ချမှတ်ခံရသူ
၂၁၇ ဦးနှင့် သေဒဏ်ချမှတ်ခံရသူ
၅၈ ဦးအထိ ရှိခဲ့သည်။

အတိုက်အခံ အင်အားစုတွေဖြစ်တဲ့ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) နှင့် စစ်ကောင်စီနဲ့ မပူးပေါင်း သပိတ်မှောက်ရေး လှုပ်ရှားမှု (CDM) တွေကို ထောက်ပံ့ပေးနိုင်ဖို့ စတာတွေအပြင် မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင် နိုင်ငံတခုအဖြစ်ကနေ ဆိုင်းငံ့သင့်တယ်ဆိုတဲ့ တိုက်တွန်းချက်တွေလည်းရှိပါတယ်။ ကုလသမဂ္ဂ အဖွဲ့အစည်းတွေအပါအဝင်၊ အာဆီယံနိုင်ငံများ ဘုံသဘောတူညီချက်ငါးချက်နဲ့ လက်ရှိ နိုင်ငံတကာ တိုက်တွန်းချက်တွေမှာလည်း မြန်မာနိုင်ငံမှာ လူသားချင်း စာနာမှုဆိုင်ရာ အကျပ်အတည်းများ အရေးပေါ်ဖြစ်လာတဲ့ အခြေအနေကို အမြန် ဖြေရှင်းကြဖို့လည်း တိုက်တွန်းထားကြပါတယ်။

## ဆန်းစစ်သုံးသပ်ခြင်း

ကျရှုံးနိုင်ငံတခု ဒါမှမဟုတ် ချည့်နဲ့ပြိုကွဲလွယ်တဲ့နိုင်ငံတခု သတ်မှတ်တာနဲ့ ပတ်သက်လို့ အသေအချာ စောင့်ကြည့်လေ့လာနေကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပညာရှင်တွေရှိပါတယ်။ အထူးသဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး ဖောင်ဒေးရှင်း (World Peace Foundation) ရဲ့ဥက္ကဋ္ဌဖြစ်သူ ရောဘတ် အိုင် ရောဘတ်ဂ် (Robert I. Rotberg) ဖွင့်ဆိုတာက 'ပြည်တွင်း အကြမ်းဖက်မှုတွေကြောင့် ယိုယွင်းရပ်ဆိုင်းနေတဲ့ နိုင်ငံတော်များဖြစ်ပြီး၊ နေထိုင်နေသူတွေ အပေါ် အပြုသဘောဆောင်တဲ့ နိုင်ငံရေးကောင်းကျိုးချမ်းသာ (Political goods) ကို ဆက်လက် မပေးစွမ်းနိုင်တဲ့ နိုင်ငံတွေ' လို့ ဖွင့်ဆိုထားပါတယ်။ ပြည်သူတွေရဲ့ နှလုံးသားနဲ့စိတ်ထဲမှာ သူတို့အစိုးရအပေါ် ယုံကြည်ကိုးစားမှု ကျဆင်းလာမယ်၊ ဆက်လက်ပြီးတော့ နိုင်ငံတော် Nation-state တခုရဲ့ သဘောသဘာဝအပေါ် မေးခွန်းထုတ်စရာ ဖြစ်လာမယ်၊ တရားမဝင်ဘူးလို့ မြင်လာမယ်... စသဖြင့် ဆိုထားပါတယ် (Rotberg, 2004)။ ယေဘုယျဆိုရရင်တော့ နိုင်ငံတော်တခုကပြည်သူတွေကိုဆောင်ကြဉ်းပေးရမယ့်မဖြစ်မနေဝန်ဆောင်မှုတွေ၊ (ဒီနေရာမှာတော့ နိုင်ငံရေးကောင်းကျိုးချမ်းသာ (political goods) လို့ သုံးထားပါတယ်) မပေးဆောင်နိုင်တော့တဲ့ အခြေအနေ ဖြစ်လာခြင်းပါပဲ။

The Fund for Peace အဖွဲ့ကတော့ ချည့်နဲ့ပြိုကွဲလွယ်တဲ့ နိုင်ငံဆိုင်ရာ ညွှန်းကိန်းများ (Fragile State Index) ကို တိုင်းတာရာမှာ ညွှန်းကိန်းအချို့ကို ဖော်ထုတ်ခဲ့ပါတယ်။ အဲသည်မှာ ပဋိပက္ခဆိုင်ရာ အန္တရာယ်ရှိမှုညွှန်းကိန်း ၁၂ ခုကို ထုတ်ယူတိုင်းတာပါတယ်။ စည်းလုံးညီညွတ်မှု (ဝါ) အစေးကပ်မှုညွှန်းကိန်း (Cohesion indicators) တွေမှာ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၊ စည်းလုံးမှုပြိုကွဲနေသော ထိပ်သီးခေါင်းဆောင်များ၊ အုပ်စုလိုက် နစ်နာခံစားနေရမှုများ စတဲ့အချက်တို့ ပါဝင်ပါတယ်။ စီးပွားရေးညွှန်းကိန်း (Economic indicators) တွေမှာတော့ စီးပွားရေး ကျဆင်းမှု၊ စီးပွားရေးဖွံ့ဖြိုးမှု မညီမျှမှု၊ လူတွေ ထွက်ပြေးနေရခြင်းနဲ့ ဦးနှောက်ယိုစီးမှုတို့ ပါဝင်ပါတယ်။ နိုင်ငံရေးညွှန်းကိန်းများ (Political indicators) မှာတော့ နိုင်ငံတော်ရဲ့

တရားဝင်ဖြစ်မှု၊ အစိုးရဝန်ဆောင်မှုနဲ့ လူ့အခွင့်အရေးများ၊ ဥပဒေ နည်းကျအုပ်ချုပ်ခြင်းတို့ ပါဝင်ပါတယ်။ လူမှုရေးနဲ့ အခြားကဏ္ဍတွေအပေါ် လွှမ်းခြုံတဲ့ ညွှန်းကိန်း (Social and Cross-cutting indicators) တွေမှာတော့ လူဦးရေအရ ဖိစီးမှု၊ နေရပ်စွန့်ခွာဒုက္ခသည်နဲ့ပြည်တွင်းဒုက္ခသည် (IDPs)တွေ၊ပြည်ပစွက်ဖက်မှုအကြောင်းတွေ ပါဝင်ပါတယ်။ ချည့်နဲ့ပြိုကွဲလွယ်တဲ့ နိုင်ငံများနဲ့ပတ်သက်တဲ့ အခုလေ့လာမှုမှာ မတူခြားနားတဲ့ သရုပ်သကန် လက္ခဏာအုပ်စုတွေ၊ ဘာသာစကား၊ လူမျိုး၊ တိုင်းရင်းသားဖြစ်မှု၊ နိုင်ငံသားဖြစ်မှု၊ လူတန်းစား၊ လူမျိုးနွယ်အုပ်စု၊ ကိုးကွယ်ရာဘာသာ စသဖြင့်အုပ်စုများအကြားမှာ အက်ကြောင်း (Fault lines) တွေ တည်ရှိနေသလား ဆိုတာလည်း အလေးထားလေ့လာပါတယ်။ အခြားအခြေအနေတွေ ဖြစ်တဲ့ သဘာဝအရင်းအမြစ်တွေအတွက် ပြိုင်ဆိုင်လုယက်ကြခြင်း၊ ရက်စက်ကြမ်းကြုတ် ဖိနှိပ်တဲ့ ခေါင်းဆောင်မှု၊ ခေါင်းဆောင်မှုပြိုကွဲခြင်း၊ အကျင့်ပျက်ခြစားမှုနဲ့ မဖြေရှင်းရသေးတဲ့ အုပ်စုနစ်နာခံစားရမှုများကလည်း ချည့်နဲ့ပြိုကွဲစေတဲ့ နိုင်ငံတခုအတွက် အကြောင်းအချက်များအဖြစ် သတ်မှတ်လေ့လာပါတယ်။

INFOGUIDES

## ■ မြန်မာနိုင်ငံ ချည့်နဲ့ပြိုကွဲလွယ်သော အခြေအနေပြ ညွှန်းကိန်း (၂၀၀၆-၂၀၂၁)




The Fund for Peace အဖွဲ့က ထုတ်ပြန်သည့် ချည့်နဲ့ပြိုကွဲလွယ်သော နိုင်ငံဆိုင်ရာညွှန်းကိန်းများ (Fragile State Index) ၌ ပါရှိသော မြန်မာနိုင်ငံဆိုင်ရာ ညွှန်းကိန်းနှင့် အဆင့်သတ်မှတ်ချက်များ ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် Fragile State Index တွင် မြန်မာနိုင်ငံသည် ညွှန်းကိန်း ရမှတ် ၉၃ ဒသမ ၈ ရှိခဲ့သည်။ FSI က ညွှန်းကိန်းတခုချင်းစီကို ၁၀ မှတ်စီ ပေးထားပြီး၊ **အမှတ် ၉၀-၉၉ ဒသမ ၉ အကြား နိုင်ငံများကို သတိပြုစောင့်ကြည့်ရမည့် (Alert) စာရင်းအဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံသည် ထိုသို့ စောင့်ကြည့်သတိပြုရမည့် နိုင်ငံတခု ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ချည့်နဲ့ပြိုကွဲနိုင်ခြေ အဆင့်သတ်မှတ်ချက် ၂၃ နေရာမှာ စိုးရိမ်ဖွယ်ရှိနေသည်။** ၂၀၀၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ကိန်းဂဏန်းများကိုကြည့်ပါက မြန်မာနိုင်ငံ၏ ချည့်နဲ့ပြိုကွဲနိုင်ခြေရှိမှုသည် စစ်အစိုးရအုပ်ချုပ်ခဲ့သော ကာလများ၌ အဆိုးဆုံးအခြေအနေ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

ရည်ညွှန်း - Fragile State Index 2021

မကြာသေးခင်က ထွက်ရှိခဲ့တဲ့ ၂၀၂၁ ခုနှစ် Fragile State Index မှာ မြန်မာနိုင်ငံဟာ ညွှန်းကိန်းရမှတ် ၉၃ ဒသမ ၈ ရှိနေတာကို တွေ့ရပါတယ်။ FSI က ညွှန်းကိန်းတခုချင်းစီကို ၁၀ မှတ်စီ ပေးထားပြီး၊ အမှတ် ၉၀ - ၉၉ ဒသမ ၉ အကြား နိုင်ငံတွေကိုတော့ သတိပြုစောင့်ကြည့်ရမယ့် (Alert) စာရင်းထဲ ထည့်သွင်းထားပါတယ်။ မြန်မာနိုင်ငံက အဲသည်လိုစောင့်ကြည့်သတိပြုရမယ့် နိုင်ငံတခုဖြစ်ပါတယ်။ နိုင်ငံနဲ့ နယ်မြေပေါင်း ၁၇၈ ခုကို တိုင်း တာရာမှာ မြန်မာက ချည့်နဲ့ပြိုကွဲနိုင်ခြေ အဆင့်သတ်မှတ်ချက် ၂၃ နေရာမှာ စိုးရိမ်ဖွယ် ရှိနေပါတယ်။

မြန်မာနိုင်ငံဟာ အင်အားစုပေါင်းစုံ ပါဝင်နိုင်တဲ့ နိုင်ငံတော်တခုအဖြစ် မတည်ရှိသေးသလို၊ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးမှုရရှိဖို့လည်း ခက်ခဲနေဆဲဖြစ်ပါတယ်။ ကာလရှည်ပြည်တွင်းစစ် တည်ရှိနေသလို၊ အဖွဲ့ပေါင်း ၂၀ ထက်မနည်းတဲ့ တိုင်းရင်းသားနဲ့ အခြား လက်နက်ကိုင်အင်အားစုတွေကလည်း ဗဟိုအစိုးရနဲ့ စစ်ပွဲဆင်နွှဲနေကြပါတယ်။ နိုင်ငံရေးဖွဲ့စည်းထားပုံအရ အက်ကြောင်း (Fault lines) တွေလည်း ရှိနေပါတယ်။ အဲဒါအပြင် အစိုးရဝန်ဆောင်မှုတွေ ညံ့ဖျင်းသလို၊ အကျင့်ပျက်ခြစားမှုလည်း အကျယ်အပြန့် ရှိနေပါသေးတယ်။ သွေးထွက်သံယို အကြမ်းဖက်မှုတွေ မြင့်မားလာတဲ့အခါ၊ စီးပွားရေးဖွံ့ဖြိုးမှု သိသိသာသာ ကျဆင်းလာနေတဲ့အခါ၊ လူသားချင်းစာနာမှုဆိုင်ရာ ခြိမ်းခြောက်မှုတွေ ကြီးမြင့်လာတဲ့အခါ နိုင်ငံတကာနဲ့ ပြည်တွင်းအင်အားစုတွေအနေနဲ့ ပြိုကွဲကျရှုံးနိုင်ငံတခု ဖြစ်လာမှာ စိုးရိမ်ပူပန်ကြတာ မဆန်းလှပါဘူး။ ဒီကိစ္စတွေကို စစ်ရေးအဖြေ (Militarized solutions) တခုတည်းနဲ့ ဖြေရှင်းလို့မရနိုင်တာ သေချာသလို၊ နိုင်ငံတခုတည်းရဲ့ပြည်တွင်း ကြိုးပမ်းအားထုတ်မှု တခုတည်းနဲ့ ဖြေရှင်းလို့မရနိုင်တာ သေချာပါတယ်။

သို့သော်လည်း နောက်ပိုင်းမှာ အချို့သောပညာရှင်တွေက ‘ကျရှုံးနိုင်ငံ’ ဒါမှမဟုတ် ‘ချည့်နဲ့ပြိုကွဲလွယ်တဲ့နိုင်ငံ’ဆိုတဲ့ သတ်မှတ်မှု၊ နားလည်သဘောပေါက်မှုတွေကို ပြန်ပြီး မေးခွန်းထုတ်ကြတာလည်း ရှိပါတယ်။ သူတို့က ‘နိုင်ငံ တော်တခုဖြစ်မှု အကန့်အသတ်ရှိတဲ့သဘော’ (limited statehood) ကို အသားပေးပြောဆိုကြပါတယ်။ အထူးသဖြင့်တော့ တောင်ကမ္ဘာဘက်ခြမ်းက နိုင်ငံတွေမှာပါ။ အဲဒီနိုင်ငံတွေမှာ ဗဟိုအစိုးရ အာဏာချုပ်ကိုင်ထားသူများက အကြမ်းဖက်မှု (တနည်း) ဥပဒေစည်းကြပ်မှုတွေကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားနိုင်တဲ့ စွမ်းရည်လည်း မရှိကြပါဘူး။ အုပ်ချုပ်လို့ လုံးဝမရတဲ့အခြေအနေ မဟုတ်သလို၊ အုပ်ချုပ်လို့မရတာလည်း မဟုတ်ပါဘူး။ အစိုးရတွေက ချည်နဲ့အားပျော့ကြပါတယ်။ မရှိမဖြစ် အရေးပါတဲ့ အစိုးရရဲ့တာဝန်လေးရပ်ဖြစ်တဲ့ (၁) ဖွံ့ဖြိုးမှုဖြစ်ဖို့၊ တန်းတူညီမျှတဲ့ စီးပွားဖွံ့ဖြိုးမှုဖြစ်ဖို့ ဝန်းကျင်ဖန်တီးနိုင်တဲ့ စွမ်းရည်၊ (၂) တရားဝင်တဲ့၊ ပွင့်လင်းမြင်သာမှုရှိတဲ့၊ တာဝန်ယူတာဝန်ခံမှုရှိတဲ့ နိုင်ငံရေးအင်စတီကျူးရှင်းတွေ တည်ထောင်ထိန်းသိမ်းနိုင်တဲ့ စွမ်းရည်၊ (၃) သူတို့ရဲ့ပြည်သူတွေကို အကြမ်းဖက် ပဋိပက္ခတွေကနေ လုံခြုံမှုပေးနိုင်

၃.၄သန်း

လာမည့် သုံးလမှ ခြောက်လအတွင်း
မြန်မာနိုင်ငံ၏ လူဦးရေ
၃ ဒသမ ၄ သန်းနှင့်အထက်
စားနပ်ရိက္ခာအခက်အခဲ
ကြုံရနိုင်သည်။

တဲ့ စွမ်းရည်၊ သူတို့နယ်မြေကို ထိန်းချုပ်နိုင်တဲ့စွမ်းရည်နဲ့ (၄) သူတို့ ပြည်သူတွေအတွက် အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်တဲ့စွမ်းရည် မရှိဘဲ ဖြစ်နေရတဲ့ အခြေအနေမျိုးကို ဆိုချင်တာပါ။ ဆိုလိုတာကတော့ နိုင်ငံတော်အစိုးရတခုအနေနဲ့ လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ သန့်ရှင်းတဲ့ပတ်ဝန်းကျင် စတာတွေကို ပေးဆောင်နိုင်စွမ်း အကန့်အသတ် ရှိနေပါတယ်။ ကောင်းစွာ လည်ပတ်စီမံနေတဲ့ နိုင်ငံတော်တခု မဟုတ်နိုင်ဘဲ အကန့်အသတ်သဘောရှိနေတာကို ပြောချင်တာပါ။

မြန်မာ့အရေး ကျရှုံးနိုင်ငံ ဖြစ်တော့မလားလို့ ဆွေးနွေးရေးသားချက်တွေကို ဇကန်သဘော၊ ဧရှ့ဖြစ်ဟောသဘော မမှတ်ယူသင့်ပါဘူး။ တကယ်တော့ ဒီလို ချည့်နဲ့ပြိုကွဲလွယ်တဲ့ အခြေအနေတို့၊ ကျရှုံးနိုင်ငံဖြစ်သွားတော့မယ့် အရေးတို့ကို ကြိုတင်နိမိတ်ဖတ်ရတာ ခက်ခဲပါတယ်။ ရှုပ်ထွေးပွေလီတဲ့သဘောလည်း ရှိပါတယ်။ ဒါကြောင့် ဒီဆွေးနွေးရေးသားချက်တွေကို ဖြစ်တန်ခြေအခင်းအကျင်း လေ့လာတဲ့သဘော (Scenario thinking) အဖြစ် ရှုမြင်နိုင်ရင် ပို အကျိုးများဖွယ် ရှိပါတယ်။ လက်ရှိဖြစ်နေတဲ့ အချက်အလက်တွေ၊ ရေစီးကြောင်းတွေ ဘယ်လောက် အားကောင်းသလဲ၊ ဘယ်ကိုရှေးရှု ဦးတည်နေသလဲ၊ ဥပမာ- လုံခြုံရေးပျက်ယွင်းမှုဟာ ဘယ်လောက် ကျယ်ပြန့်အားကောင်းနေလဲ၊ အရှည်သဖြင့် ဆက်ဖြစ်နိုင်ခြေ များမများ၊ ရိုက်ခတ်မှုအနည်းအများ စတာတွေကို တွက်ချက်ပြီး အခင်းအကျင်းကို လေ့လာတဲ့သဘောပါပဲ။ ဒါတောင်မှ ချည့်နဲ့ပြိုကွဲလွယ်တဲ့ နိုင်ငံတခုကနေ လုံးဝ ကျရှုံးနိုင်ငံတခုအဖြစ် ဘယ်အချိန်မှာ ပြောင်းမှာလဲဆိုတာ တွက်ဆဖို့ခက်ပါတယ်။ မြန်မာနဲ့ပတ်သက်ရင် ဖြုန်းကနဲ ကျရှုံးနိုင်ငံအဖြစ် ပြောင်းသွားတာမျိုးထက် တအိအိနဲ့ အတွင်းလှိုက်ပြိုကွဲနေတဲ့ အခြေအနေမျိုးကိုလည်း ဖြစ်တန်ခြေအဖြစ် သတိပြုလေ့လာသင့်ပါတယ်။

**၄၈.၂%**

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျပ်အတည်း အဆိုးဆုံးအခြေအနေ၌ နိုင်ငံ့လူဦးရေ၏ ထက်ဝက်နီးပါး (၄၈ ဒသမ ၂ ရာခိုင်နှုန်း) ဆင်းရဲမှုမျဉ်းအောက် ကျရောက်ဖွယ်ရှိသည်။

## ဂယက်ရိုက်နိုင်တဲ့ နောက်ဆက်တွဲများ

မြန်မာနိုင်ငံက ကျရှုံးနိုင်ငံတခုအဖြစ်သို့ ရောက်ရှိသွားနိုင်ပါသလား။ သုံးသပ်သူများ၊ အဖွဲ့အစည်းများက စိုးရိမ်ပူပန်မှုတွေ ဖော်ပြကြတာ အတိအလင်း တွေ့မြင်ရပါတယ်။ ကျရှုံးနိုင်ငံအဖြစ် ပြောဆိုကြတဲ့အခါ အာရပ်နွေဦးတော်လှန်ရေး ဖြစ်လာပြီး ပြာပုံဆိုက်ခဲ့ရတဲ့ ဆီးရီးယားနိုင်ငံကို အများစုက ကိုးကား ရည်ညွှန်းလေ့ ရှိကြပါတယ်။ အခုလို နိုင်ငံတကာရဲ့ ပြောဆိုချက်တွေကြောင့် မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ဇာတ်ကြောင်းဖော်မှု၊ ပုံရိပ်ပေါ်လွင်စေမှု၊ မျှော်လင့်ချက်ထားမှုတွေ အပေါ်လည်း ဂယက်ရိုက်ခတ်မှုတွေ၊ အကျိုးဆက်တွေ ရှိလာနိုင်ပါတယ်။ 'ကျရှုံးနိုင်ငံ' ဆိုတဲ့ ဇာတ်ကြောင်းအာဘော်အားကောင်းလာတဲ့အတွက်နိုင်ငံတကာမူဝါဒချမှတ်သူတွေကြားမှာ 'တည်ငြိမ်ရေး' ကို ပိုလို့ အာရုံစိုက်စရာ ဖြစ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံကနေ အိမ်နီးချင်းနိုင်ငံတွေကို ကပ်ရောဂါ၊ မူးယစ်ဆေး၊ ဒုက္ခသည်တွေ ဒလဟော တင်ပို့

လာမယ့်အရေး ကာကွယ်တားဆီးဖို့ အဓိကမူဝါဒတွေလည်း ဖြစ်လာစရာရှိနေပါတယ်။ တော်လှန်ရေးနဲ့ လူထုလှုပ်ရှားမှုကို ပံ့ပိုးထောက်ခံရမယ့်အစား၊ လက်ရှိ အာဏာပိုင်နဲ့ ပူးပေါင်းပြီး လူသားချင်းစာနာမှု အကျပ်အတည်းကို ဝိုင်းဝန်းဖြေရှင်းကြဖို့ တိုက်တွန်းနှိုးဆော်မှုတွေလည်း ဖြစ်လာနိုင်ပါတယ်။ ဒီလိုဆိုရင်ဖြင့် ရေသောက်မြစ်ပြဿနာထက် အကိုင်းအခက် ပြဿနာကို အာရုံထားဖို့ရာ ဖြစ်သွားနိုင်ပါကြောင်း သုံးသပ်ရပါတယ်။

## နိဂုံး

တိုင်းပြည်တပြည် ကျရှုံးနိုင်ငံ ဖြစ်တော့မယ်ဆိုတဲ့ ဆွေးနွေးရေးသားမှုတွေ ဖြစ်လာပြီဆို ဒါဟာ alarmist rhetoric လို့ ခေါ်ကြတဲ့ ခြောက်ခြားသွေးလန့်မှုဖြစ်အောင် သံချောင်းဆူညံခေါက်နေတာလား၊ ပွဲလန့်တုန်းဖျာခင်း အကျိုးလိုလို့ ပွဲဆူအောင် ညာသံပေးနေတာလားဆိုတာ သံသယ အမြဲထားသင့်တဲ့အချက် ဖြစ်ပါတယ်။ ဒါပေမဲ့ သံချောင်းမြည်တာ ဘယ်အချိန်လဲ၊ သံချောင်းခေါက်တာ ဘယ်သူလဲ၊ ဘာကြောင့်ခေါက်နေရတာလဲ ဆိုတာလည်း ဆန်းစစ်စေ့ငုကြရမှာပါ။ ဒီဆောင်းပါးမှာဖော်ပြခဲ့တဲ့ ဆွေးနွေးရေးသားမှုတွေအရ မြန်မာဟာ ကျရှုံးနိုင်ငံဖြစ်တော့မယ်ဆိုတဲ့ အချက်တွေကို စုစည်းရင် လက်ရှိ စီးပွားရေးပြိုလဲနေတဲ့အချိန်၊ လူသားချင်းစာနာမှု အကျပ်အတည်း ကပ်ဆိုက်နေတဲ့အချိန်နဲ့ မြို့ပြတွေမှာပါ အကြမ်းဖက်တိုက်ခိုက်မှုတွေ ပြင်းထန်ကျယ်ပြန့်လာနေတဲ့ အချိန်မျိုးမှာ တီးတဲ့ သံချောင်းခေါက်သံဖြစ်လို့ ခေါင်းထောင်မထဘဲ ဆက်အိပ်နေလို့ရသေးတဲ့ အချက်ပေးသံမျိုး မဟုတ်ပါဘူး။ ဦးထိပ်မီးလောင်ဆိုသလို မြန်မြန်မီးငြှိမ်းကြရမယ့် သတိပေးတပ်လှန့်သံမျိုးပါ။ တီးတဲ့သူတွေကလည်း မြန်မာ့အရေး ဆွေးနွေးရေးသားရာမှာ အရေးတယူ နားထောင်ကြရမယ့် ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်း၊ မီဒီယာတွေ ဖြစ်နေပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံတွင်း ဖြစ်ပျက်နေတာတွေဟာ မြန်ဆန်လွန်းပြီး အချိုးအကွေ့ အလှည့်အပြောင်း များလွန်းတာမို့ ဒီဆွေးနွေးရေးသားချက်တွေကို ဇောက်ထိုးမုချ အနာဂတ်ဟောကိန်းအဖြစ် မမှတ်ယူဖို့တော့ သတိချပ်ရမှာပါ။ ကျရှုံးနိုင်ငံဆိုတာကို ဖြစ်တန်ခြေ အခင်းအကျင်းတခုအဖြစ် လေ့လာပြီး အထောက်အထား အသစ်တွေကို ပိုမိုစုဆောင်း၊ ဘက်စုံဆန်းစစ်၊ ရှောင်လွှဲနိုင်စေမယ့် အကြံပြုချက်တွေကို ပိုမိုရှာဖွေကြဖို့ အရေးကြီးပါတယ်။

## Further Readings :

Draude, A., Börzel, T. A., & Risse, T. (Eds.). (2018). *The Oxford Handbook of Governance and Limited Statehood.* Oxford University Press. https://doi.org/10.1093/oxfordhb/9780198797203.001.0001

*Fragile State Index 2021.* (2021, May 20). Retrieved from Fragile State Index: https://fragilestatesindex.org/country-data/

Horsey, R. (2021). *Myanmar on the brink of State Failure.* International Crisis Group. https://www.crisisgroup.org/asia/south-east-asia/myanmar/myanmar-brink-state-failure

Myanmar could be Asia's next failed state. (2021). *The Economist.* https://www.economist.com/leaders/2021/04/15/myanmar-could-be-asias-next-failed-state

Poling, G. B., & Hudes, S. T. (2021, May 21). Is Myanmar Headed for Collapse or Revolution? *Center for Strategic and International Studies.* https://www.csis.org/analysis/myanmar-headed-collapse-or-revolution?fbclid=IwAR2zNMmfeHtDLT_VNgP5GKnTNgMQ0qWW11zIueVkkQffOA85bC326dFTV_k

Rotberg, R. I. (Ed.). (2004). *When States Fail: Causes and Consequences.* Princeton University Press. http://www.columbia.edu/itc/journalism/stille/Politics%20Fall%202007/Readings%20--%20Weeks%201-5/Rotberg%20--%20failed%20states.pdf

UNDP. (2021, April 30). COVID-19, Coup d'Etat and Poverty: Compounding Negative Shocks and Their Impact on Human Development in Myanmar. https://www.asia-pacific.undp.org/content/rbap/en/home/library/democratic_governance/covid-19-coup-d-etat-and-poverty-impact-on-myanmar.html

U, T. M. (2021). Myanmar Coming Revolution: What Will Emerge From Collapse? *Foreign Affairs.* https://www.foreignaffairs.com/articles/burma-myanmar/2021-06-11/myanmars-coming-revolution

Writers, N. S. (2021, April 14). Failed state: Myanmar collapses into chaos. *Nikkei Asia.* https://asia.nikkei.com/Spotlight/The-Big-Story/Failed-state-Myanmar-collapses-into-chaos

## အက်ဆေးကဏ္ဍ

### လမ်းကြောင်းထွင်အာဘော်များကို ဆန်းစစ်သုံးသပ်ခြင်း

Review Essay Section on Trend-setting Analyses

စစ်အာဏာသိမ်းခံရပြီးနောက် မြန်မာ့အရေးဟာ နိုင်ငံတကာသုတေသီတွေနဲ့ မီဒီယာတွေအကြားမှာ စိတ်ဝင်စားမှု မြင့်တက်လာသလို သုံးသပ်အကြံပြု ရေးသားချက်တွေလည်း ပိုများလာပါတယ်။ ဩဇာရှိတဲ့ စာမျက်နှာတွေပေါ်က ရေးသားချက်တွေဟာ မူဝါဒချမှတ်သူတွေရဲ့ စဉ်းစားချက်တွေအပေါ် လွှမ်းမိုးမှုရှိနိုင်သလို အများပြည်သူရဲ့ သဘောထားကိုလည်း ပုံသွင်းယူနိုင်စွမ်း ရှိပါတယ်။ ဒါကြောင့် နိုင်ငံတကာ မျက်နှာစာတွေမှာ ရေးသားဖော်ပြလာကြတဲ့ လမ်းကြောင်းထွင် အာဘော်တွေကို မိတ်ဆက်ပေးတာ၊ ဆန်းစစ်သုံးသပ်တာတွေကို လုပ်ဆောင်နိုင်ဖို့ ဒီကဏ္ဍကို ဖွင့်လှစ်ပါတယ်။ လမ်းကြောင်းထွင် အာဘော်ဆောင်းပါးတွေကို ရွေးချယ်ခြင်းနဲ့ ဆန်းစစ်သုံးသပ်ရာမှာ အောက်ပါ စံနှုန်းတွေကို အခြေခံပါတယ်။

(၁) လွတ်လပ်ပြီး အစိုးရမဟုတ်တဲ့ မီဒီယာ (ဝါ) သုတေသနအဖွဲ့အစည်းတွေက အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့စာများ။

(၂) တူရာစု ခေါင်းစဉ်ငါးမျိုးနဲ့ အကျုံးဝင်တဲ့ အကြောင်းအရာများဖြစ်တဲ့ (က) အန်တုတိုက်ပွဲဝင်တဲ့ နိုင်ငံရေး (contentious politics) (ခ) အာဏာသိမ်းစစ်ကောင်စီရဲ့ ပြုမူဆောင်ရွက်ပုံ (ဂ) ပထဝီ နိုင်ငံရေးနဲ့ နိုင်ငံတကာအခင်းအကျင်း (ဃ) လုံခြုံရေးနဲ့ ငြိမ်းချမ်းရေး (င) နိုင်ငံရေးဘောဂဗေဒ၊ တို့နဲ့ ပတ်သက်တဲ့စာတွေကို ရွေးချယ်ပြီး ဆန်းစစ်သုံးသပ်ပါမယ်။

(၃) ဒီခေါင်းစဉ်တွေနဲ့ပတ်သက်လို့ မတူညီတဲ့ (ဝါ) အငြင်းပွားစရာဖြစ်တဲ့ (ဝါ) သမားရိုးကျကနေ ဖောက်ထွက်တီထွင်ကြံဆတဲ့ (ဝါ) ဩဇာကြီးတဲ့သူတွေကိုယ်တိုင် ရေးသားထားတာဖြစ်တဲ့ သုံးသပ်ချက်၊ အမြင်သဘောထား၊ အကြံပြုချက်များကို ဦးစားပေး ရွေးချယ်တင်ဆက်ပါမယ်။

ဒီကဏ္ဍဟာ အကြောင်းကြောင်းကြောင့် လမ်းကြောင်းထွင်အာဘော်တွေကို လက်လှမ်းမမီနိုင်တဲ့သူ၊ လက်လှမ်းမီ ဖတ်ရှုနိုင်သော်လည်း တစုတစည်းတည်းတင်ဆက်တဲ့ ဆန်းစစ်သုံးသပ်ချက်တွေကို လေ့လာလိုသူများအတွက် ရည်ရွယ်ပါတယ်။